အားလုံးသို့ပေးစာ
၂/၂၀၀၆
(၅ – ၄ – ၂၀၀၆)

ရဲဘော်များ မိတ်ဆွေများခင်ဗျား

(၁) ဒီနေ့ဒီအချိန်ဟာ ဗမာပြည်ရဲ့ ကံကြမ္မာကို ဖန်တီးတော့မယ့်ကာလတခု ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်အမြင်သူ့အမြင် ဖလှယ်နေဖို့နဲ့ တူညီတဲ့ခြေလှမ်းရှိဖို့ အရေးကြီးလာပါတယ်။

(၂) အခု ‘ကျော်မြင့်နိုင်’ ရဲ့ ‘ပျော့ပျောင်းမှုလား လှည့်စားမှုလား’ ကို ဖတ်ပြီး သတိပြုမိတာတခုရှိလို့ ဒီစာကို ရေးပါတယ်။

(၃) ဗမာပြည်နိုင်ငံရေးမှာ သမိုင်းနဲ့ချီရှိတဲ့ လုပ်နည်းတခု ရှိခဲ့တယ်။ “လူမိုက်ငှားပြီး ရိုက်တဲ့နည်း” ပါ။ ဒီနည်းကို အာဏာရ လူတန်းစားတွေလုပ်လေ့ ရှိတယ်။ ‘ဗကပ’ ကို ဦးတည်ရန်သူအဖြစ် သတ်မှတ်တုန်းကဆိုရင် ဦးသိန်းဖေ (မြင့်)၊ သခင်စိုး စတဲ့ စတဲ့ သူတွေကိုမွေးပြီး လူငှားနဲ့ ရိုက်စေပါတယ်။ ဦးသိန်းဖေ(မြင့်) ကိုတော့ ခဏပဲ သုံးလိုက်နိုင်ပါတယ်။ ဒါက သူ့ အနေအထားနဲ့ သူ့စရိုက်ကို စိတ်မချလို့ ဖြစ်တယ်။ သခင်စိုးကိုတော့ အမြဲတမ်းမွေးထားနိုင်တာ တွေ့ရတယ်။ တောထဲ မွေးထားတာဆိုတော့ ဘက်ကန်မှာ မစိုးရိမ်ရပါဘူး။

‘ဗကပ’ က တခုခုထုတ်ပြန်လိုက်ရင် သခင်စိုးက မာ့က်စ်လီနင်စာအုပ် အကိုးအကားတွေနဲ့ချက်ချင်း လက်ဦးအောင် ဆန့်ကျင်လေ့ ရှိတယ်။ သူ့ကို ယုံယုံကြည်ကြည် ပြောဆိုတိုင်ပင်မိရင်တော့ ငါးပါးမှောက် ပါတော့တယ်။ အဲဒါကိုကိုင်ပြီး ဗကပ ကို တိုက်တော့တာပါပဲ။ ‘အောင်မာဃ’ စစ်ဆင်ရေး လုပ်တော့မယ်ဆိုတာ ပြောမိတာကြောင့် သူက ‘ကျွန်ပွဲစားကြီး သခင်သန်းထွန်း’ ဆိုတဲ့စာစောင်ကို ဖြောင်ထုတ်ပြန်လိုက်တယ်။ ပြည်သူ့ရဲဘော်ပါတီတောင် သခင်စိုးကို ထောက်ခံပြီး ‘သခင်သန်းထွန်းတို့ လက်နက်ချဖို့ ပြင်ပြီ’ ဆိုတဲ့စာတမ်း ထုတ်ခဲ့တယ်။

နောက်ဆုံးတော့ ‘ဝသုံးလုံး သခင်စိုး’ ရော ပြည်သူ့ရဲဘော်ပါတီပါ ဘာဖြစ်သွားသလဲ။ ၁၉၈၈ လူထု အရေးတော်ပုံကြီး ပေါ်တော့ နေဝင်းကို (ခယဝပ်တွား သခင်အားရ ကျွန်ပါးဝလုပ်၊ ဝေစားခဲ့ရတဲ့ (ဝ သုံးလုံးသစ်) သခင်စိုးက ရှစ်လေးလုံးအုံကြွမှုကို ‘အရာရာဖျက်ဆီးရေးဝါဒ (vandalism)’ လို့ သတ်မှတ်ခဲ့တယ်၊ စာစောင် ထုတ်ခဲ့တယ်။ ‘ဗိုလ်ချုပ်ကြီးနေဝင်းကို ကာကွယ်ကြ’ လို့ စာစောင်ထုတ်ပြီး ကောင်းမှုပြုခဲ့တယ်။ ဒါတွေက သူမသေမီကလေးမှာ လုပ်သွားတဲ့ လုပ်ရပ်ပဲ။

အခု ကျော်မြင့်နိုင်ဆိုသူက အလံနီသခင်စိုးရဲ့ အငွေ့အသက်ကို ရှူလိုက်ပုံရတယ်။ ဂိုဏ်း (ကိုင်း) ဖျားဂိုဏ်းနား အလံနီ နွယ်ဝင်ကလေး တယောက်လားမသိ၊ သခင်စိုးရဲ့မပြီးဆုံးသေးတဲ့အလုပ် ‘စစ်အစိုးရကို အလုပ်အကျွေး ပြုကြ’ လိုင်းကို လိုက်နေပါတယ်။

‘အလံနီ’ ပါလို့ မပြောချင်တဲ့ မြို့ပေါ်က ပုဂ္ဂိုလ်တဦးကတော့ ‘ရုပ်ကြမ်းဝါဒီ’ လို့ သုံးနှုန်းသွားတာ ကြားလိုက် ရတယ်။ သူ့အနေအထားအရ သူ့နည်းနဲ့သူ ပြောတာပါ။ သူပြောတာလည်း မမှားဘူး ထင်ပါတယ်။ လွှတ်လွှတ် လပ်လပ် ပြောကြေးဆိုရင် ‘ရုပ်ကြမ်းအဘိဓမ္မာ’ တောင် မရှိတဲ့ ကြေးစားအငှားရိုက်ပေးတဲ့ လူမိုက်ပါ။

(၄) ကျော်မြင့်နိုင်လိုလူရဲ့ အရေးအသားကို အရေးလုပ်ပြီး တုံ့ပြန်စရာ မလိုပါဘူး။ နအဖ ရဲ့ ပေါ်လစီရေးရာ ပြောရေးဆိုခွင့် ရှိသူက တယောက်တည်း ရှိပါတယ်။ အဲဒါက ဗိုလ်သန်းရွှေပါ။ ဗိုလ်မောင်အေး၊ ဗိုလ်စိုးဝင်းနဲ့ တွင်း/၁ ဗိုလ်သိန်းစိန်တို့ မဟုတ်ပါဘူး။

ကျော်မြင့်နိုင်ရဲ့အဆင့်က သွားလေသူ ပေါက်စတို့ ... တို့ ... တို့ရဲ့ အဆင့်မျိုးတောင် မရှိပါဘူး။ ဒါကြောင့် လွှတ်ထားတာ အကောင်းဆုံးပါ။

သန်းရွှေရဲ့ ပေါ်လစီတစွန်းတစ သိချင်ရင်တော့ သူကိုယ်တိုင်ပြောတဲ့ မိန့်ခွန်းမှာ ရှာသင့်တယ်။ သန်းရွှေကို ကိုးကားပြီး ပြောကြတဲ့ တိုင်းမှူးကလေးတွေရဲ့ မိန့်ခွန်းမှာ ရှာသင့်ပါတယ်။

သန်းရွှေကိုယ်တိုင်ကလည်း ဗိုလ်နေဝင်း၊ ဗိုလ်စောမောင်တို့လို ပြောနိုင်သူ၊ ပြောအားရှိသူ၊ ပြောဝံ့သူတော့ မဟုတ်ပါဘူး။ နံပါတ်ဝမ်းနေရာမှာ ကြိုးတန်းလျှောက်နေသူဖြစ်တယ်ဆိုတာလည်း သတိပြုကြစေလိုပါတယ်။

လေးစားစွာဖြင့်
ရဲဘော်စိုးချစ်
(၅ – ၄ – ၂၀၀၆)